SHARE:

[Join Our Email List]







## Digital Hate: Monthly Report for July 2024 (English / Myanmar)

**16 August 2024**


| |
|---|
| 1. Introduction |
| 2. Methodology |
| 3. Findings of hate speech in Social Networks |

| |
|---|
| 4.The figure illustrating types of hate speech |
| 5. The figure illustrating the number of hate speech targets |
| 6. Keywords used by hate speech writers |
| 7. Conclusion |
| ၁။ နိဒါန်း |
| ၂။ သုတေသနနည်းနာ |
| ၃။ လူမှုကွန်ရက်များတွင် အမုန်းစကားတွေ့ရှိချက်များ |
| ၄။ အမုန်းစကားအမျိုးအစား အရေအတွက်ပြပုံ |
| ၅။ အမုန်းစကား ဦးတည်ပစ်မှတ် အရေအတွက်များအား ဖော်ညွှန်းပုံ |
| ၆။ အမုန်းစကားရေးသားသူများ သုံးစွဲသည့် keywords များ |
| ၇။ နိဂုံး |





## 1. Introduction

The ultra-nationalist ideology has been circulated among the Myanmar people since before the independence of the country. After independence, the Burmese Prime Minister declared Buddhism as the state religion. After the coup of General Ne Win in 1962, he established the state administration under the ideology of Burmese supremacy and racism. The military created hate speech and religious conflicts in the country whenever they faced

hate speech and religious conflicts in the country whenever they faced difficulty in controlling the state. For instance, the Chinese-Myanmar conflicts, Meikhtila crisis, Rohingya crisis and the 1982 citizenship laws were created to divert the public's attention from politics whenever they faced difficulty in the country.

In the above situations, the military portrayed themselves as the protector for foreign threats, the promoter of Bamar ethnicity and Buddhism. All the successive military leaders have been continuously spreading the propaganda that other ethnic and religious groups are always trying to swallow Buddhism (it means to make it disappear) in Myanmar. The most prominent slogan they use is **"An ethnic cannot disappear when the earth swallows it, but it will disappear when it is swallowed by another ethnic."** In addition, they controlled the public by using the influence of the religious leaders. The religious leaders are trying to legitimize the role of the military, in all possible ways.

After the Meikhtila crisis, the Buddhist monks promoted and encouraged the military by holding a slogan known as "Brave one never dies, Never Go to Hell when he dies." When it came to the Rohingya crisis, a well-known Buddhist monk known as Sitagu Sayardaw, preached hate speech that it is not sinful to kill non-Buddhist people because they are not real humans and the military was able to drive Kalarsoe (referring to Muslims) out of the country. By that, the military extended their authoritarianism by claiming that Buddhism will disappear when the Country is ruled with a democratic system and they are now portraying themselves as the protector and savior of Buddhism and the state.

Since the coup, the Myanmar military and its supporters have been spreading religious hate speeches targeting ethnic minorities and religious minorities to create division, disunion, and to weaken the revolutionary forces, and to deviate public attention from the coup, oppression against people, and failure of military in battlefields.

The objective of the BHRN monthly report is to monitor and analyze the sources of hate speech, circulated by the military and its supporters. BHRN documented a total of 114 hate speech cases in the month of July 2024.

## 2. Research Methodology

As hate speech is a term that comes from emotion, there is a wide spectrum in defining it, not a specific one. BHRN, therefore, standardized the definition of hate speech for this report as follows. Hate speech in this report means aggressiveness and hatred against protected characteristics of a person or a group, blaming, discriminative expression, writing, gesture, or art expression of excoriation, or dehumanization.

It means attacking someone's faith, language, gender, sexual orientation, origin, ethnicity, skin color, race, belief, citizenship and physical appearance. The monitored hate speeches were categorized as (1) Criminalizing Hate Speech, (2) Abusive Hate Speech, (3) Dehumanizing Hate Speech, (4) Violence Inciting Hate Speech, (5) Threatening Hate Speech, and (6) Hate Speech that supports prejudicial actions inspired by hate speech.

BHRN has daily documented hate speech terms and usages found in the contents –based on the current political crisis - disseminated by the military.

This report was written after monitoring both online and printed media which Junta and its supporters used to spread their hate speeches. BHRN has monitored 3 Facebook groups, 1 Facebook page, 12 Facebook accounts, 24 Telegram channels, 21 TikTok accounts, and 4 Printed Media during July 2024.

**Junta's Propagative Methodology**

The Myanmar junta is using hate speech to boost its propagative mechanism. The propagative mechanism includes repeating something again and again, dominating mentality, deception and manipulating data. By using those techniques, the Myanmar junta is creating narratives that could promote their image as "the protector of the nation and the religion" and "the promoter of state and people harmony".

The junta is using hate speech to stimulate serious emotions such as aggressiveness, fear and indignation. The junta is using those emotions to create hatred against its targeted areas and organizations by means of fabricated cases and distortive information. This can lead to giving up and disunion among revolutionists.

This disunion will lead to the situation that which the people focus on raising questions and blaming each other among the community rather than focusing on criticizing and fighting against persecuted policies of the military.

**Context of misinformation as hate speech**

In this report, BHRN has analysed hate speech in the context of the ongoing political tensions in Myanmar. Sometimes, when measured by international standards, what might look like misinformation takes on a different significance in the aftermath of the 2021 coup. This is because misinformation, particularly when aimed at individuals, groups with opposing political beliefs, or minority religious communities, can have severe consequences, even leading to loss of life and the intensification of religious and community conflicts.

Hate speech in Myanmar's current political climate is more than just false information; it can be a catalyst for very real and harmful outcomes, especially in the post-coup environment. Understanding this complex relationship between hate speech, misinformation, and their tangible impacts is crucial for grasping the region's broader social, political, and intergroup dynamics.

## 3. Findings of hate speech in Social Networks

A total of 114 hate speech cases were found during BHRN's monitoring process this month. When Facebook accounts were disabled, some created new accounts and some moved to Telegram channels. The military mainly used Telegram channels and Tik Tok accounts to spread hate speeches and the hate speeches were done through the cartoons in this month as well.

**Hate Speech Targets and Usages**

In this month's (the month of July) monitoring, hate speech targeted the most was PDF and the second most was MNDAA and women and the third was AA. Moreover, hate speeches targeting women, Chinese people and Muslim community were found as well.


In addition, the most used terms of hate speeches for this month are "dog, terrorists, kelwar (a word that refers to dog in Rakhine State) and Mutkalar (an abusive word referring Muslim community), Souttayoke (meaning Shit-Chinese), Chinese Dog, Chinese Evil Dog."

**Hate Speech Targeted on PDF**


A pro-military Telegram Channel named as Naypyitaw Channel posted that "local Defense Forces and PDFs are the servitudes of Kachin Independence Army (KIA) and they are losing their hands and legs (in the battles) day by day. PDFs leaders are addicted to their luxury life with the people's money and they are not looking back to their followers and juniors. PDFs soldiers got threatened to get slaughtered if they ran away from their military bases." That post used Dehumanizing Hate Speech as the post compared PDFs to dogs and it also used Abusive Hate Speech and Criminalizing Hate Speech as it mentioned PDFs as the drug addicts and criminals.

**Original Post** - *Attach link file Translation -1 (See below)*

A pro-military Telegram Channel named as Hmai Wai Channel posted that "Six PDFs have died by the drone attack in Butalin." The post uploaded photos of the incident and compared the PDF to



dogs. That post used Dehumanizing Hate Speech against PDF.
**Original Post** - *Attach link file Translation -2 (See below)*



A Tik Tok account named as Su Thu Kha posted that “Do not blame the military when they make clearance operations in those villages that support PDF. The military has to cure those villages that have Nipain (a slang referring to NLD supporters) disease.” That post used Threatening Hate Speech to wipe out all the villages that support revolution.
**Original Post** - *Attach link file Translation -3 (See below)*

**Hate Speech Targeted to Chinese People**

The military has increased their spreading of hate speech against Chinese people as they face losing in the battles in the northern part of Myanmar.




A pro-military Telegram Channel named as Hminewai posted that “it is good and cool if all the Chinese people died at once” by referring to a Chinese badminton player who passed away while playing at Asia Junior Badminton Mixed Team Championships in Indonesia. That post used Abusive Hate Speech against Chinese people.
**Original Post** - *Attach link file*

*Translation -4 (See below)*

Since the military is facing losses of their military bases in Lashio Township, pro-military channels are posting a picture of a soldier with Chinese flag and claiming that these are the MNDAA with the Chinese flag and Bamar PDF are in the front line of the battles. A Telegram channel named Minchitoo uploaded that post and mentioned Souttayouk (meaning Shit-Chinese) and PDF as the stupid Bamar PDF. That post used Abusive Hate Speech.
**Original Post** - *Attach link file Translation -5 (See below)*

A pro-military Telegram Channel named as Aungsitthe posted that “MNDAA is using under-aged soldiers in the Lashio civil war and the Chinese are using children in the wars.” That post mentioned MNDAA as the Chinese evil dogs and used Dehumanizing Hate Speech.

**Original Post** - *Attach link file Translation -6 (See below)*


**Hate Speech Targeted to MNDAA**

A pro-military Telegram Channel named Khit Thit Myanmar posted that "MNDAA is the master organization of the Arakan Army. They spread propaganda like they already took over a military base even before they did not do anything to it. They spread fake news that they have surrounded a township before they attack that township." That post compared MNDAA and AA to dogs and also mentioned that MNDAA are crooked dogs. That post used Dehumanizing Hate Speech.
**Original Post** - *Attach link file Translation -7 (See below)*

A pro-military Telegram Channel named as Ka Ka Han posted that "the lives of people fall into trouble and chaos once the MNDAA enters into the city.

Those armed groups arbitrarily took the properties of the people and wiped out the owners from their houses. In addition, they stole all the expensive things from Lashio Township Market and used the residents as the forced laborers to carry their stolen things." That post compared MNDAA to evil dogs, and thieves of public properties and perpetrators of forced laborers. That post used Dehumanizing Hate SpeecThose armed groups arbitrarily took the properties of the people and wiped out the owners from their houses. h and Criminalizing Hate Speech.
**Original Post** - *Attach link file Translation -8 (See below)*






A pro-military Telegram Channels named as Mhinewai posted that "people to be cautious because MNDAA is arbitrarily arresting and forcibly recruiting the internally displaced persons (IDP) for their army." That post compared MNDAA to terrorist evil dogs that are forcibly recruiting people. That post used Dehumanizing Hate Speech and Criminalizing Hate Speech.

**Original Post** - *Attach link file Translation -9 (See below)*

A pro-military Telegram Channel named as Aungsitthe uploaded a video along with the caption "On July 22nd, the military made a clearance operation to those areas where MNDAA were hiding." That post compared MNDAA to Chinese Kokang evil dogs and that post used Dehumanizing Hate Speech against MNDAA.

**Original Post** - *Attach link file Translation -10 (See below)*





**Hate Speech Targeted to Arkan Army AA**

A pro-military Telegram Channel named as Khit Thit Myanmar posted that "AA is no longer easy to take over more townships in Rakhine State." The post mentioned the Arakan Army as terrorist dogs. That post used Dehumanizing Hate Speech and Criminalizing Hate Speech.
**Original Post** - *Attach link file Translation -11 (See below)*

A pro-military Telegram Channel named as DOROR WADDY MEDIA posted that "AA is threatening the Muslim community in Rakhine State to leave all their properties and flee the township as the civil war between the junta and AA has intensified in Maungdaw Township of Rakhine State." That post compared AA to dogs and used Dehumanizing Hate Speech.
**Original Post** - *Attach link file Translation -12 (See below)*


A pro-military Telegram Channel named as DOROR WADDY MEDIA posted that "AA is raiding and robbing the banks in Rakhine State by arresting banks' managers even in day-time." That post used Criminalizing Hate Speech as AA was compared to dogs, and Dehumanizing Hate Speech against AA.
**Original Post** - *Attach link file Translation -13 (See below)*




## 4. The figure illustrating types of hate speech

# Type of Hate Speech

June, 2024




5. The figure illustrating the number of hate speech targets




6. Keywords used by hate speech writers



HATE KEYWORDS




## 7. Conclusion

The revolutionary forces put more efforts to be able to take over lands and it made the military big losses. Among the above mentioned battles, controlling

the Lasio Township by MNDAA is the historic victory of the anti-coup forces and created a new historic loss for the military. Since the military is losing the wars, the channels supported by the military started spreading hate speech targeted to Chinese people and MNDAA. On the other hand, MNDAA issued statements promising the safety of civil servants, foreign investments and Chinese people. There was a spreading narrative created by military supporters to disunion among the Bamar people that Bamar PDFs are fighting against the military because of the upholding of MNDAA. Even though the military is not using religion as a main weapon to spread hate speech this month, they are still spreading hate speech targeting the identity of the race and religion of revolutionary forces in those areas where they faced more losses. In particular, hate speech based on ethnicity was widely disseminated in northern Shan State.

### Attached files Translation >>>

***Attach link file Translation -1***

District local defense forces and township defense forces are destroying military bases, police stations, and hospitals. Nepain (NLD supporters) are collecting money to destroy them. We have got all the supporter names. We got names of those who should have been killed when our army got into those areas.

The KIA's servitudes (PDFs) are attacking military bases and police stations under the guidance of KIA. They are losing their hands and legs to our weapons. We have confirmed news from a reliable source that PDFs are

weapons. We have confirmed news from a reliable source that PDFs are suicide. We got that news from a PDF who is addicted to drugs and ran away from their base.

As time has come, KIA's servitudes, PDFs, know themselves what white is and what black is. Their leaders are in luxury lives and not taking care of them anymore. They do not have enough rations and they will get slaughtered if they run away. Their lives are under threat.

-------------

***Attach link file Translation -2***

Six dog PDFs were killed by the drone in Butalin on July 10, 2024.

We will upload how they were attacked by drones, soon.

--------------

***Attach link file Translation -3***

Those villages that do not support PDFs are not seeing even soldiers. Those villages that accept PDFs should not blame the military. The military will not do anything if people are living as real citizens. The military will have to cure if the Nepain (NLD supporters) diseases are spreading. Read this twice.

-------------

***Attach link file Translation -4***

(Original) A Chinese badminton player died while playing in a competition in Indonesia.

(Caption) It is good and cool if all Souttayoke (Shit Chinese) are dead at once.

------------

***Attach link file Translation -5***

(Caption) this is the soldier attacking Lashio Township with the Chinese flag. The adoptive sons of shit Chinese. The ones in the front line of these battles are stupid Bamar PDFs.

--------------

***Attach link file Translation -6***

(Caption) This is the proof that terrorist MNDAA and Chinese evil dogs are using children in the wars.

-------------

***Attach link file Translation -7***

It is to be noted that MNDAA dogs are the masters of terrorist AA.

They announced that they already taken over a military base even before they started attacking that military base. They announce that they have surrounded and controlled the township before entering that township. They know all the crooked ways because they are dogs.

-----------

***Attach link file Translation -8***

As soon as the terrorist MNDAA and Kokang evil dogs enter a township, the daily lives of people are full of trouble. They entered into houses and forcibly drove out the owners. They utilize all the properties of people that people collected for years. They are stealing all the valuable items in Lashio Township Market with their cars. They are forcing people to carry those stolen items for them. People have to do it because they kill those who refuse to

items for them. People have to do it because they kill those who refuse to carry. They are slaughtering and eating the animals of the people.

-----------

***Attach link file Translation -9***

(Original) MNDAA terrorist and their evil supporters are arbitrarily arresting and forcibly recruiting Internally Displaced Persons (IDP).

(Caption) Evil dog MNDAA soldiers have been killed like cows and dogs in Lashio Township and they are now forcibly recruiting the people. The public should be taken care!

-----------

***Attach link file Translation -10***

The military air forces made the clearance operation to those areas where terrorist MNDAA were hiding in Laukkaing Township. The military is dropping bombs to only Zone 1 of Laukkaing Township and the majority of residents in that area are prostitutes, so it seems like the military knows only prostitute areas. The residents are mocking the military. It is needed to bomb other areas as well.

-----------

***Attach link file Translation -11***

Do you know what AA said now as these terrorist AA are losing?

They said it is not easy to take over more townships in Rakhine State, and it becomes more difficult. They said that they will establish administration only in the controlled areas and they want to agree for peace now. They are not okay with terrorist NUG as well. They do not admit that you lost a lot.

------------

***Attach link file Translation -12***

In Maungdaw Township of Rakhine State, due to the clashes between SAC and AA, dog AA announced and threatened Muslim community to leave their houses and the township.

AA drove out the Muslim community from their houses in Maungdaw and AA soldiers are looting the properties of Muslim residents. In addition, AA is using those houses as their defense base. That is the reason why AA soldiers and local Muslims cannot have an agreement until now.

AA is using Muslim people as human shields in their battles and they are now destroying the city so that Muslims cannot live there anymore.

-------------

***Attach link file Translation -13***

AA dogs are forcibly collecting money from the money exchange businessman up to 25/30 percent of the transferred money in their controlled areas. AA dogs are looting the banks in Rakhine State even during the daytime. They are arresting Bank managers. They are blocked from getting cash so they are forcibly collecting money from the money exchange service counters, up 10/15 percent. As they are doing this plan, the charges for transferring money has increased up to 25/30 percent in their controlled areas.




## ၁။ နိဒါန်း

မြန်မာနိုင်ငံတွင် အစွန်းရောက်အမျိုးသားရေးဝါဒသည် လွတ်လပ်ရေးခေတ်မတိုင်မီ ကိုလိုနီခေတ်ကပင် ရှိခဲ့သည်။ ကိုလိုနီခေတ်တွင် သွေးခွဲအုပ်ချုပ်မှုကို ဖော်ဆောင်ခဲ့ပြီး အမျိုးသားရေးဝါဒထွက်ပေါ်လာခဲ့သည်။ ၁၉၆၁ ခုနှစ်တွင် ဗုဒ္ဓဘာသာကို နိုင်ငံတော်ဘာသာအဖြစ် ဦးနုက ပြဋ္ဌာန်းခဲ့သည်။ ၁၉၆၂ ခုနှစ် ဗိုလ်နေဝင်းအာဏာ သိမ်းပြီးနောက်ပိုင်းတွင် နိုင်ငံခြားသားမုန်းတီးရေးနှင့် ဗမာလူမျိုးကြီးဝါဒကို စွဲကိုင်ကာ အုပ်ချုပ်ရေးထူထောင်ခဲ့သည်။ မြန်မာ့နိုင်ငံရေးအကျပ်အတည်းနှင့် ကြုံတွေ့ချိန်တိုင်းတွင် စစ်တပ်သည် အမုန်းစကားများဖြင့် ဘာသာရေးလူမျိုးရေး အရေးအခင်းများကို ဖန်တီးလေ့ရှိသည်။ ဥပမာအားဖြင့် တရုတ်-မြန်မာအရေးအခင်း၊ မိတ္ထီလာအရေးအခင်း၊ ရိုဟင်ဂျာ အရေးအခင်း၊ ၁၉၈၂ နိုင်ငံသားဥပဒေ တို့သည် တိုင်းပြည်အကျပ်အတည်းများကို

ထွက်ပေါက်အဖြစ် အသုံးချခဲ့သည်မှာ ထင်ရှားလှသည်။

ထို့သို့ခြေနေများတွင် စစ်တပ်သည် ပြည်ပအန္တရာယ်ကို ကာကွယ်စောင့်ရှောက်သူ အဖြစ်လည်းကောင်း၊ တိုင်းပြည်၏ အမျိုးဘာသာ သာသနာ ကိုစောင့်ရှောက်သည့် သာသနာပြုမင်းအဖြစ် ပုံဖော်လျက်ရှိသည်။ ခေတ်အဆက်ဆက် စစ်ခေါင်းဆောင်များသည် အခြားလူမျိုးနှင့် အခြားဘာသာဝင်များသည် ဗုဒ္ဓဘာသာကို အချိန်မရွေး ဝါးမြိုနိုင်သည်ဟူသည့် အမုန်းစကားများကို ပုံစံအမျိုးမျိုးဖြင့် ဖြန့်ဝေလျက်ရှိသည်။ ၎င်းတို့၏ အထင်ရှားဆုံးဆောင်ပုဒ်မှာ **မြေမြို၍လူမျိုးမပြုတ် လူမြိုမှ လူမျိုးပြုတ်မည်** ဖြစ်သည်။ ထို့ပြင် လူထုအား ဘာသာရေးခေါင်းဆောင်များ၏ လွှမ်းမိုးမှုကို အသုံးချကာ ထိန်းချုပ်နိုင်ခဲ့သည်။ စစ်တပ်၏ အခန်းကဏ္ဍကို တရားဝင်စေရေးအတွက် ဘာသာရေးခေါင်းဆောင်များသည်

နည်းမျိုးစုံဖြင့် စစ်တပ်ကို အထောက်အပံ့ပေးလျက်ရှိသည်။

မိတ္ထီလာအရေးအခင်းပြီးနောက်ပိုင်းတွင် စစ်တပ်အား ရဲသော်မသေ ၊ သေသော်ငရဲမလားဟူသော ဆောင်ပုဒ်ကို ကိုင်ဆွဲကာ ဘုန်းတော်ကြီးများက မြှောက်ပင့်ပြောဆိုမှုများကို ပြုလုပ်ခဲ့သည်။ ရိုဟင်ဂျာလူမျိုးတုန်းသတ်ဖြတ်မှုကို အကြောင်းခံ၍ သီတဂူဘုန်းကြီးသည် ဗုဒ္ဓဘာသာမဟုတ်သူများသည် လူစင်စစ်မဟုတ်သဖြင့် သုတ်သင်ရှင်းလင်းခြင်းသည် အပြစ်မရှိကြောင်း ကုလားဆိုးများကို တိုင်းပြည်တွင်းမှ နှိမ်နင်းနိုင်ခဲ့ကြောင်း အမုန်းစကားများကို ဟောကြားခဲ့သည်။ ထို့ကြောင့် စစ်တပ်သည် ဒီမိုကရေစီရလာပါကသာသနာကွယ်ပျောက်သွားနိုင်သည်ဟု ဆိုကာ စစ်အာဏာရှင် သက်တမ်းကို ဆွဲဆန့်ခဲ့ပြီးမြန်မာ့နိုင်ငံရေးတွင် တိုင်းပြည်နှင့် ဘာသာ သာသနာအား ထိန်းသိမ်းပြီး ကယ်တင်ရှင်အဖြစ် ဆက်လက်အကောင်အထည်ဖော်လျက်ရှိသည်။

အာဏာသိမ်းပြီးနောက်ပိုင်းတွင် စစ်တပ်နှင့် စစ်တပ်အားထောက်ခံသူများသည် တိုင်းရင်းသားလူမျိုးစုများနှင့် ဘာသာရေးအရ လူနည်းစုများ၊ လက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများကို ပစ်မှတ်ထားပြီး အမုန်းစကားများဖြန့်ဝေကာ အားကောင်းနေသည့် တော်လှန်ရေးအရှိန်ကို အာဏာသိမ်းမှု၊ ပြည်သူများအား ဖိနှိပ်အကြမ်းဖက်မှု၊ လက်နက်ကိုင်တော်လှန်ရေးတွင် စစ်တပ်မှ ကျရှုံးမှုတို့ကို အာရုံလွှဲရန် စိတ်သဘောထားကွဲလွဲမှုများကို တိုးပွါးအောင်ဆောင်ရွက်လာခဲ့သည်။

BHRN ( Burma Human Rights Network ) ၏ လစဉ် အမုန်းစကား အစီရင်ခံစာရည်ရွယ်ချက်မှာ အာဏာသိမ်းစစ်တပ်နှင့် ၎င်း၏ ထောက်ခံအားပေးသူများ ကျူးလွန်ဖြန့်ဝေနေသည့် ဆိုရှယ်မီဒီယာနှင့် ပုံနှိပ်မီဒီယာများမှ အမုန်းစကားများ၏ လားရာများကို အနီးကပ် စောင့်ကြည့်ခြင်း၊ ခွဲခြမ်းစိတ်ဖြာခြင်းတို့ဖြစ်သည်။ 2024 ခုနှစ် ဇူလိုင်လတွင် BHRN သည် အမုန်းစကား ၁၁၄ ခု ကို မှတ်တမ်းတင်ခဲ့သည်။

## ၂။ သုတေသနနည်းနာ

အမုန်းစကားသည် စိတ်ခံစားမှု အမုန်းတရားပေါ်မူတည်ပြီး ပေါ်ပေါက်လာသော စကားရပ်ဖြစ်သည့် အလျောက် အဓိပ္ပါယ်ဖွင့်ဆိုရန် ကျယ်ပြန့်ပြီး တိကျသော ဖွင့်ဆိုချက်ဟူ၍ မရှိ

ပေ။ သို့ဖြစ်ရာ ယခုအစီရင်ခံစာ၏ရည်ရွယ်ချက်အတွက်အမုန်းစကားဖွင့်ဆိုချက်ကို BHRN မှ အောက်ပါအတိုင်း သတ်မှတ်ထားသည်။ တစ်စုံတစ်ဦး သို့မဟုတ် အုပ်စုတစ်စုကို ရည်ရွယ်၍ လူတစ်ဦးကို အကာအကွယ်ပြုရမည့် ဝိသေသလက္ခဏာများကို ပြင်းထန်စွာ ဝေဖန်ခြင်း၊ ပြစ်တင်ခြင်း၊ မုန်းတီးရန်လိုခြင်း၊ မုန်းတီးခြင်းတို့ကို ခွဲခြားနှိမ့်ချဆက်ဆံမှုများကို ထုတ်ဖော်ပြောဆိုခြင်း၊ စာဖြင့်ရေးသားခြင်း၊ အမူအယာဖြင့် ဖော်ပြခြင်း၊ အနုပညာဖြင့် ဖော်ပြခြင်းတို့ကို ဆိုလိုသည်။

လူသားတစ်ဦး၏ ကိုးကွယ်မှု၊ ဘာသာစကား၊ လိင်၊ လိင်စိတ်ခံယူမှု၊ နိုင်ငံသားဇစ်မြစ်၊ တိုင်းရင်းသားဖြစ်မှု၊ အသားအရောင်၊ လူမျိုး၊ ယုံကြည်မှု၊ နိုင်ငံသားဖြစ်မှု၊ အသားအရောင်၊ ရုပ်ပိုင်းဆိုင်ရာ အသွင်အပြင်များစသည့် မွေးရာပါအခွင့်အရေးများကို ထိခိုက်ပြောဆိုခြင်းတို့ကိုဆိုလိုပါသည်။ လေ့လာမှုတွင် တွေ့ရှိသည့် အမုန်းစကားများကို အောက်ပါအတိုင်းပြန်လည်ခွဲခြားပါသည်။ အပြစ်သားများအဖြစ်ပုံဖော်ရေးသားသည့် အမုန်းစကားများ၊ နိုင့်ထက်စီးနင်းပြောဆိုသည့် အမုန်းစကားများ၊ လူအဖြစ်မှ နှိမ့်ချဆက်ဆံသည့် အမုန်းစကားများ၊ ဆူပူအကြမ်းဖက်မှုကိုအားပေးသည့် အမုန်းစကားများ၊ ခြိမ်းခြောက်မှုအဖြစ် ပုံဖော်ရေးသားသည့်အမုန်းစကားများ၊အကြမ်းဖက်မှုနှင့်အမုန်းစကားကြောင့် ကျူးလွန်သည့်လုပ်ရပ်များကို ဂုဏ်ယူစရာအဖြစ်ရေးသားသည့်အမုန်းစကားများစသည်တို့ဖြင့် အမျိုးအစားခွဲခြားထားပါသည်။

BHRN သည် လက်ရှိမြန်မာနိုင်ငံတွင် ဖြစ်ပေါ်နေသည့် နိုင်ငံရေးစစ်ရေးတင်းမာမှုများဖြစ်ပေါ်နေချိန်တွင် စစ်တပ်နှင့် ၎င်း၏ ဝါဒဖြန့်ချန်နယ်များမှ ဖြန့်ဝေနေသည့် သတင်းအကြောင်းအရာများ တွင် ပါဝင်သည့် အမုန်းစကားအသုံးအနှုန်းများကို နေ့စဉ်လေ့လာစောင့်ကြည့်မှတ်တမ်းတင်ထားပါသည်။

အမုန်းစကားများ ဖြန့်ဝေရန်အတွက် စစ်အစိုးရနှင့် ထောက်ခံသူများ အသုံးပြုနေသည့် အွန်လိုင်းနှင့် ပုံနှိပ်မီဒီယာတို့ကို စောင့်ကြည့်ခြင်းဖြင့် ဤအစီရင်ခံစာကို စုစည်းထားပါသည်။ အထူးသဖြင့် BHRN သည် 2024 ခုနှစ် ဇူလိုင်လတွင် Facebook group ၃ ခု၊ Facebook page ၁ ခု၊ Facebook account ၁၂ ခု၊ Telegram Channels ၂၄ ခု၊ Tiktok account ၂၁ ခု၊ နှင့် Printed Media ၄ ခုကို နေ့စဉ် စောင့်ကြည့်ခဲ့ပါသည်။

**စစ်ကောင်စီဝါဒဖြန့်မှုနည်းလမ်းများ**

စစ်ကောင်စီသည် အမုန်းစကားများကို အသုံးချ၍ ဝါဒဖြန့်ခြင်းသည် ၎င်းတို့၏ ဝါဒဖြန့်မှုကို ထိထိရောက်ရောက် အသုံးပြုလျက်ရှိသည်။ ထိုဝါဒဖြန့်နည်းလမ်းများတွင် ထပ်ခါတလဲလဲပြောဆိုရေးသားခြင်း၊ စိတ်ပိုင်းဆိုင်ရာ ကြိုးကိုင်ခြယ်လှယ်ခြင်း၊ လှည့်စားခြင်း နှင့် အချက်အလက်များကို ကောက်နှုတ်ရွေးချယ်တင်ပြခြင်းတို့ ပါဝင်သည်။ ထိုနည်းလမ်းများကို ကျင့်သုံးခြင်းဖြင့် အာဏာရှင်စစ်တပ်သည် ၎င်းတို့၏ အတွေးအခေါ်ကို မြှင့်တင်ပေးသည့် ဇာတ်ကြောင်းများကို ဖန်တီးကာ “တိုင်းပြည်အား မပြိုကွဲအောင်

ပေးနေသူများအဖြစ်လည်းကောင်း၊ အမျိုးဘာသာ သာသနာအား စောင့်ရှောက်သူများ အဖြစ်လည်းကောင်း၊ သပဟဇာတဖြစ်အောင်ဖော်ဆောင်နေသူများ အဖြစ်လည်းကောင်း၊ သဘောထားကြီးသူအဖြစ်လည်းကောင်း ပုံဖော်ထားကြသည်။ အမုန်းစကားများကို အသုံးပြု၍ စိတ်အလိုမကျမှု၊ ဒေါသဖြစ်မှု၊ ကြောက်ရွံ့မှု သို့မဟုတ် နာကြည်းမှုကဲ့သို့သော ပြင်းထန်သော စိတ်ခံစားမှုများကို လှုံ့ဆော်ပေးသည့် ဝါဒဖြန့်ဖြန့်ကျက်မှုကို အသုံးပြုလျက်ရှိသည်။ စစ်အစိုးရသည် ပစ်မှတ်ထားသော နယ်မြေများ၊ အဖွဲ့အစည်းများနှင့် ပတ်သက်သည့် စွပ်စွဲထားသော ဖြစ်ရပ်များ သို့မဟုတ် ပူးပေါင်းဆောင်ရွက်မှုများကို ပုံဖျက်ထားသည့် ဖြစ်ရပ်များကို အဆိုပါ စိတ်ခံစားမှုများကို အသုံးချပြီး ပြည်သူများအကြားရောက်ရှိအောင် ဖြန့်ဝေသည့်နည်းကို အသုံးပြုသည်။ ထိုသို့ပြုလုပ်ခြင်းဖြင့် ပြည်သူများသည် တော်လှန်ရေးအပေါ် စိတ်လျော့ခြင်းများ၊ အချင်းချင်းစိတ်ဝမ်းကွဲမှုများကို ပိုမိုဖြစ်ပေါ်စေနိုင်သည်။

ထိုသို့ အချင်းချင်းအကြား စိတ်ဝမ်းကွဲမှုများ ဖြစ်ပေါ်သည့်အခါ လူ့အဖွဲ့အစည်းသည် စစ်တပ်၏ ဖိနှိပ်ချုပ်ချယ်သော မူဝါဒများကို အပြစ်တင်ခြင်း၊ မေးခွန်းထုတ်ခြင်းဘက်သို့ အာရုံမရတော့ပဲ လူ့အဖွဲ့အစည်းအကြား အချင်းချင်း မေးခွန်းထုတ်ခြင်း၊ စိတ်ပျက်ခြင်းနှင့် နာကြည်းခြင်းတို့ကို ဖြစ်ပေါ်စေသည်။

## ၃။ လူမှုကွန်ရက်များတွင် အမုန်းစကားတွေ့ရှိချက်များ

BHRN ၏ ယခုလလေ့လာစောင့်ကြည့်မှုတွင် အမုန်းစကားအရေအတွက် ( ၁၁၄ ) ခုကိုတွေ့ရှိခဲ့သည်။ အမုန်းစကားဖြန့်ဝေသူများသည် Facebook Account များပျက်ပါက အကောင့်သစ်များဖွင့်ခြင်းနှင့် Telegram channel များကို အသုံးပြုကြသည်။ ထို့အပြင် စစ်ကောင်စီသည် ၎င်းတို့၏ ဝါဒဖြန့်ဝေမှုအား Telegram channel များနှင့် Tiktok များကိုအဓိကထား အသုံးပြုပြီး အမုန်းစကားများကို ကာတွန်းများဖြင့် ဖော်ပြမှုများလည်းရှိသည်။

**အမုန်းစကားဦးတည်ပစ်မှတ်များနှင့် အသုံးအနှုန်းများ**

ဇူလိုင်လ လေ့လာစောင့်ကြည့်မှုတွင် တွေ့ရှိရသည့် အမုန်းစကားများ၏ ဦးတည်ပစ်မှတ်များမှ ယခုတွေ့ရှိမှုတွင် အမုန်းစကားဦးတည်တိုက်ခိုက်ခံရမှု အများဆုံးမှာ PDF များ ဖြစ်ပြီး ဒုတိယတိုက်ခိုက်မှုအများဆုံးမှာ MNDAA ကို ဦးတည်တိုက်ခိုက်သည့် အမုန်းစကားများဖြစ်ပြီး တတိယ အများဆုံးမှာ AA ကို ရေးသားပြောဆိုကြသည့် အမုန်းစကားတို့ဖြစ်သည်။ ထို့ပြင် အမျိုးသမီးများ၊ တရုတ်လူမျိုးများနှင့် အစ္စလာမ်ဘာသာဝင်များ အပေါ် ဦးတည်တိုက်ခိုက်သည့် အမုန်းစကားများကိုလည်း တွေ့ရှိရသည်။

ထို့ပြင် ယခုလတွင် အမုန်းစကားများတွင် အသုံးအများဆုံးအသုံးအနှုန်းများမှာ ခွေး ၊ အကြမ်းဖက်၊ ခဲဝါ(ခွေးအ)၊ မွတ်ကုလား၊ စောက်တရုတ်၊ တရုတ်ခွေးသား၊ တရုတ်ခွေးမိစ္ဆာ တို့ ဖြစ်သည်။

## PDF များအပေါ် ဦးတည်တိုက်ခိုက်သည့်အမုန်းစကားများ

ပကဖ များနှင့် PDF များသည် KIA ၏ ခိုင်းဖက်များဖြစ်ပြီး ခြေပြတ်လက်ပြတ်များ ပိုများများပြားလာခဲ့သည်။ ထို့ပြင် PDF များသည် ကိုယ့်နားထင်ကို ပစ်သူများ ရှိနေသည်ဟု သတင်းရရှိထားပြီး ထိုသတင်းကို ဆေးစွဲနေသည့် PDF တဦးဆီက ပြန်သိရခြင်းဖြစ်သည်ဟု ဖော်ပြထားသည်။ PDF ခေါင်းဆောင်များသည် ဆက်ကြေးများဖြင့် ဇိမ်ယစ်နေကြပြီး PDF များကို အသေခံခိုင်းကာ ပြန်လှည့်မကြည့်ကြသဖြင့် PDF များစိတ်ပျက်နေကြရသည့် အပြင် ထွက်ပြေးလို့ မိပါကလည်း လည်လှီးသတ်ပစ်မည်ဟု ခြိမ်းခြောက်ခံရေသည့် ဖြစ်ရပ်များကို အညာPDF များ ကြုံတွေ့နေရသည်ဟု PDF များကို နွားနှင့်ခိုင်းနှိုင်းကာ လူ့အဖြစ်မှ နှိမ့်ချ၍လည်းကောင်း၊ ဆေးစွဲနေသည့် သူများအဖြစ် နိုင့်ထက်စီးနင်းပြောဆို၍လည်းကောင်း၊ အပြစ်သားများအဖြစ် ပုံဖော်ရေးသားထားသည့် အမုန်းစကားများကို ထည့်သွင်းဖော်ပြထားသည့် ဝါဒဖြန့်ချီမှုကို နေပြည်တော်တယ်လီဂရမ်ချန်နယ်မှ ဖော်ပြထားသည်။ **<u>မူရင်းပို့စ် နေပြည်တော်</u>**

ဘုတလင် PDF များကို ဒရုန်းနှင့် ပစ်ချလိုက်သည့်အတွက် ၆ ဦးသေဆုံးကြောင်းကို ပုံနှင့်တကွ ဖော်ပြထားပြီး ထိုဖော်ပြမှုမတွင် PDF များကို ခွေးနှင့်ခိုင်းနှိုင်းကာ လူအဖြစ်မှ နှိမ့်ချပြောဆိုသည့် အမုန်းစကားကို မှိုင်းဝေ တယ်လီဂရမ်ချန်နယ်မှ ဖော်ပြထားသည်။ **<u>မူရင်းပို့စ် မှိုင်းဝေ</u>**




PDF များကို လက်ခံသည့်ရွာများကို ရှင်းလင်းရာတွင် တပ်မတော်ကို အဆိုးမဆိုးကြဘဲ နီပိတ်ရောဂါကူးစက်တဲ့ရွာတွေကိုတော့ တပ်မတော်မှ ဆေးကုပေးရမှာပဲဟု တော်လှန်ရေးကို ထောက်ခံသည့် ရွာများကို ရှင်းလင်းရန် အတွက် ခြိမ်းခြောက်ရေး ထားသည့် အမုန်းစကားကို Si thu Kha tik tok အကောင့်မှ ရေးသားဖြန့်ဝေထားသည်။ **<u>မူရင်းပို့စ် Sit Thu Kha</u>**

## တရုတ်လူမျိုးများအပေါ် ဦးတည်တိုက်ခိုက်သည့်အမုန်းစကားများ

စစ်တပ်သည် မြောက်ပိုင်းတိုက်ပွဲများတွင် စစ်ရှုံးလာသည်နှင့်အမျှ တရုတ်လူမျိုးများအပေါ် အမုန်းစကားများ ရေးသားဖြန့်ဝေမှုများကို တွေ့ရှိလာရသည်။

အင်ဒိုနီးရှားနိုင်ငံတွင် ကျင်းပသည့် Asia Junior Badminton Mixed Team

Championships ပွဲတွင် ကြက်တောင်ရိုက်အားကစား ပြိုင်ပွဲဝင်နေချိန်တွင် လဲကျသေဆုံးမှုကို စစ်တပ်ထောက်ခံသူများသည် တရုတ်များအားလုံး အကုန်သေသွားလျှင် နားအေးသည်ဟု တရုတ်လူမျိုးများအပေါ် နိုင်ငံထက် စီးနင်းရေးသားသည့် အမုန်းစကားကို မိုင်းဝေတယ်လီဂရမ် ချန်နယ်မှ ဖော်ပြထားသည်။ **<u>မူရင်းပို့စ်</u>** **<u>မိုင်းဝေ</u>**




လားရှိုးတိုက်ပွဲတွင် စစ်ကောင်စီမှ စစ်ရှုံးမှုနှင့်ကြုံတွေ့ရချိန်တွင် စစ်ကောင်စီ ဝါဒဖြန့်ချိရေးချန်နယ်များမှ တရုတ်အလံပါနေသည့် စစ်သားတဦးပုံကို ဖော်ပြကာ လားရှိုးကိုလာတိုက်နေသည့် တရုတ်အလံနှင့် MNAA တပ်သားဟုဆိုကာ ၎င်းတို့၏ရှေ့တွင် ဝင်တိုက်ပေးနေသူများမှာ ဗမာ PDF များဖြစ်သည်ဟုဖော်ပြထားသည်။ ထိုဖော်ပြမှုတွင် စောက်တရုတ်ဟူ၍လည်းကောင်း PDFများကို ဗမာငပိန်း PDF များဟုလည်းကောင်း နိုင်ငံထက်စီးနင်းပြောဆိုရေးသားထားသည့် အမုန်းစကားများကို ထည့်သွင်းဖော်ပြကာ မင်းချစ်ဦး တယ်လီဂရမ်ချန်နယ်မှ ဖြန့်ဝေထားသည်။ **<u>မူရင်းပို့စ်</u>** **<u>Min Chit Oo</u>**

လားရှိုးစစ်ပွဲတွင် MNDAA အဖွဲ့သည် ကလေးစစ်သားများကိုအသုံးချနေပြီး တရုတ်များမှ ကလေးများကို စစ်ပွဲအတွင်း အသုံးချနေသည်ဟု ရေးသားထားသည်။ ထိုရေးသားမှုတွင် MNDAA အဖွဲ့အား တရုတ်ခွေးမိစ္ဆာများဟု လူအဖြစ်မှ နိမ့်ချဆက်ဆံသည့် အမုန်းစကားကို အောင်စစ်သည် တယ်လီဂရမ် ချန်နယ်မှ ရေးသားဖြန့်ဝေထားသည်။ **<u>မူရင်းပို့စ်</u>** **<u>အောင်စစ်သည်</u>**

### MNDAA အပေါ် ဦးတည်တိုက်ခိုက်သည့် အမုန်းစကားများ

MNDAA အဖွဲ့သည် AA အဖွဲ့၏ ဆရာကြီးဖြစ်ကြောင်းနှင့် တပ်ရင်းတခုကို မတိုက်ခင် သိမ်းလိုက်ပြီဟု ထုတ်ပြန်မှုမျိုးကို ပြုလုပ်ပြီး မြို့တစ်မြို့ကို ဝင်မတိုက်ခင် ပတ်ပတ်လည်ဝိုင်းထားပြီး သိမ်းပိုက်လိုက်ပြီလို့ သတင်းမှားများဖြင့် တိုက်ခိုက်နေသည်ဟု ရေးသားဖြန့်ဝေထားသည်။ ထိုရေးသားဖြန့်ဝေမှုတွင် MNDAA အဖွဲ့အား ခွေးဟုလည်းကောင်း၊ AA အဖွဲ့အား ခွေးဟု လည်းကောင်း၊ MNDAA အဖွဲ့အား ကလိမ်ကကျစ် ခွေးမျိုးဟုလည်းကောင်း လူအဖြစ်မှ နိမ့်ချပြောဆိုသည့် အမုန်းစကားများကို ထည့်သွင်းထားပြီး Khit Thit Myanmar တယ်လီဂရမ်ချန် နယ်မှ ဖော်ပြထားသည်။ **<u>မူရင်းပို့စ်</u>** **<u>Khit Thit Myanmar</u>**

လားရှိုးမြို့ကို MNDAA အဖွဲ့ ဝင်ရောက်လာပြီး ပြည်သူလူထု ဘဝသည် ချက်ချင်းဆိုသလို ဒုက္ခများဖြင့် ပြည့်နှက်သွားသည်။ လက်နက်ကိုင်အဖွဲ့များသည် သေနတ်ပြကာ အိမ်ရှင်များကို အိမ်ပေါ်မှ နှင်ချပြီး ပြည်သူများ၏ပစ္စည်းများကို ယူဆောင်ကြသည်။ ထို့ပြင် လားရှိုးမြို့မ ဈေးကြီးထဲမှ




တန်ဖိုးကြီး ပစ္စည်းများကိုပါ ခိုးယူကြသည့်အပြင် ပိတ်မိနေသည့် ပြည်သူများကို ပစ္စည်းများကို ခိုးယူရာတွင် သယ်ဆောင်ပေးရန် အတင်းအဓမ္မ ခိုင်းစေမှုများကို ပြုလုပ်ခဲ့ကြသည်ဟု ဖော်ပြထားသည်။ ထိုဖော်ပြမှုတွင် MNDAA အဖွဲ့ကို ကိုးကန့်ခွေးမိစ္ဆာ အဖြစ်လည်းကောင်း၊ ပြည်သူများ၏ ပစ္စည်းများကို ခိုးယူသည်ဟူ၍လည်းကောင်း၊ ပြည်သူများကို အတင်းအဓမ္မခိုင်းစေသည်ဟူ၍လည်းကောင်း လူအဖြစ်မှ နှိမ့်ချဆက်ဆံသည့် အမုန်းစကားများ၊ အပြစ်သားအဖြစ်ပုံဖော်သည့် အမုန်းစကားများကို ထည့်သွင်းရေးသားကာ Ka Ka Han တယ်လီဂရမ်ချန်နယ်မှ ဖော်ပြထားပါသည်။ **<u>မှုရင်းပို့စ် Ka Ka Han</u>**

MNDAA အဖွဲ့သည် စစ်ရှောင်နေသည့် ပြည်သူများကို ဖမ်းဆီးကာ လူသစ်စုဆောင်းနေသည့်အတွက် ပြည်သူများ သတိထားကြရန် ရေးသားဖြန့်ဝေထားသည်။ ထိုရေးသားဖြန့်ဝေမှုတွင် MNDAA အဖွဲ့အား အကြမ်းဖက် လူမိစ္ဆာအဖြစ်လည်းကောင်း၊ အဓမ္မလူစုဆောင်းနေသည်ဟု အပြစ်သားအဖြစ် ပုံဖော်ရေးသားထားသည့် အမုန်းစကားများကို မိုင်းဝေ တယ်လီဂရမ်ချန်နယ် မှ ရေးသားဖြန့်ဝေထားသည်။ **<u>မှုရင်းပို့စ် မိုင်းဝေ</u>**

ဇူလိုင်လ ၂၂ ရက်နေ့တွင် လောက်ကိုင်မြို့ရှိ MNDAA အဖွဲ့ ခိုအောင်းနေသည့် နေရာကို တပ်မတော်မှ လေကြောင်းဖြင့် နယ်မြေရှင်းလင်းရေးလုပ်ခဲ့သည်ဟု video နှင့်အတူ ဖြန့်ဝေခဲ့သည်။ ထိုရေးသားဖြန့်ဝေမှုတွင် MNDAA အဖွဲ့အား တရုတ်ကိုးကန့် ခွေးမိစ္ဆာများဟု သုံးနှုံးပြီး လူအဖြစ်မှ နှိမ့်ချဆက်ဆံသည့် အမုန်းစကားကို အောင်စစ်သည် တယ်






လီဂရမ် ချန်နယ်မှ ရေးသားဖြန့်ဝေထား ပါသည်။ **မူရင်းပို့စ် အောင်စစ်သည်**

**ရခိုင်တပ်တော် ( AA ) အပေါ်သို့ ရေးသားပြောဆိုသည့် အမုန်းစကားများ**


AA တပ်ဖွဲ့ဝင်များအနေဖြင့် ရခိုင်ပြည်နယ်အတွင်းရှိ မြို့များအားထပ်မံ သိမ်းပိုက်ရန် လွယ်တော့မည် မဟုတ်ဟု ရေးသားထားသည် ထိုသို့ရေးသားထားရာတွင် ရခိုင်တပ်တော် ( AA ) အဖွဲ့အား အကြမ်းဖက်ဟူ၍ အပြစ်သားအဖြစ်လည်းကောင်း၊ ခွေးနှင့် ခိုင်းနှိုင်းကာ လူအဖြစ်မှ နှိမ့်ချပြောဆို၍လည်းကောင်း အမုန်းစကားများကို Khit Thit Myanmar တယ်လီဂရမ်ချန်နယ်မှ ဖော်ပြထားသည်။ **မူရင်းပို့စ် Khit Thit Myanmar**

ရခိုင်ပြည်နယ် ၊ မောင်တောမြို့မှာ စစ်ကောင်စီတပ်နှင့် AA အဖွဲ့တို့ တိုက်ပွဲဖြစ်ပွား နေပြီး AA အဖွဲ့က မြို့တွင်းက အစ္စလာမ်ဘာသာဝင်များကို မြို့တွင်း မနေထိုင်ရန်၊ နေအိမ်မှ စွန့်ခွာပေးရန် အဓမ္မခြိမ်းခြောက် မောင်းထုတ်လျက်ရှိသည်ဟု ဝါဒဖြန့်ရေးသားခဲ့ပါသည်။ ထိုဝါဒဖြန့်လှုံ့ဆော်မှုတွင် AA အဖွဲ့အား ခဲဝါ(ခွေးအ) ဟု လူအဖြစ်မှ နှိမ့်ချရေးသားထားသည့် အမုန်းကားကို DOROR WADDY MEDIA မှ ရေးသား ဖြန့်ဝေထားပါသည်။ မူရင်းပို့စ် **DOROR WADDY MEDIA**

ရခိုင်ပြည်နယ်အတွင်း နေခင်းဘက်ဘဏ်များကို ဝင်ရောက်စီးနင်းပြီး ဘဏ်မန်နေဂျာများကို ဖမ်းဆီးကာ ငွေကြေး လုယက်မှုများ လုပ်ဆောင်နေကြသည်ဟု ရေးသားထားပါသည် ။ ထိုရေးသားမှုတွင် ရခိုင်တပ်တော် ( AA ) အဖွဲ့အား အပြစ်သားများအဖြစ် ပုံဖော်၍လည်းကောင်း ၊ ခဲဝါ(ခွေးအ) ဟု



လူအဖြစ်မှ နှိမ့်ချ၍ လည်းကောင်း ရေးသားထားသည့် အမုန်းစကားကို DOROR WADDY MEDIA မှ ဖော်ပြထားပါသည်။ **မူရင်းပို့စ်** **DOROR WADDY MEDIA**


ကို လုပ်ငန်းလုပ်ဆောင်ရမှုအပေါ်မူတည်ပြီး ရာခိုင်နှုန်းနဲ့ ဆက်ကြေးကောက်ခံနေတဲ့အတွက် ဒေသခံတွေမှာ ငွေ ၁ သိန်းကျပ်ကို (၂၅/၃၀)ရာခိုင်နှုန်းထိပေးပြီး ထုတ်ယူနေရတယ်လို့ သိရပါတယ်။


ရခိုင်ပြည်နယ်ထဲမှာ AA ခဝါအဖွဲ့တွေက နေခင်းဘက် ဘဏ်တွေကို ဝင်ရောက်စီးနင်းပြီး ဘဏ်မန်နေဂျာတွေကို ဖမ်းဆီးကာ ငွေကြေးလုယက်မှုတွေလုပ်လို့ ဘဏ်တွေပိတ်ထားရတဲ့အတွက် ငွေစက္ကူရှားပါးမှု၊ အခြားမြို့/ရွာတွေက ငွေစက္ကူသယ်ယူရာလမ်းကြောင်းတလျောက်မှာ AA ခဝါအဖွဲ့က ခြိမ်းခြောက်ကာအဆမတန်ဆက်ကြေး ကောက်ခံမှုတွေကြောင့် ငွေလွှဲ/ထုတ်တဲ့ ဆိုင်တွေမှာ ၁သိန်းကျပ်ကို (၁၀/၁၅)ရာခိုင်နှုန်းနဲ့ ငွေထုတ်ပေးပါတယ်။ ဒါတွေကို AA ခဝါအဖွဲ့တွေက ငွေလွှဲ/ထုတ် ရာခိုင်နှုန်းများတယ်လို့အကြောင်းပြပြီး အရေးယူမယ်ဟု ဆိုကာ ငွေလွှဲ/ထုတ်ဆိုင်တွေကို အဓမ္မ ၁သိန်းကို ၅ ရာခိုင်နှုန်းနဲ့ ဆက်ကြေးကောက်နေတဲ့အတွက် ငွေလွှဲ/ထုတ်တဲ့ရာခိုင်နှုန်းမှာ (၂၅/၃၀)ရာခိုင်နှုန်းထိမြင့်တက်လာတဲ့အတွက်ဒေသခံတွေမှာ အခက်အခဲမျိုးစုံ ကြုံတွေ့နေရတယ်လို့သိရပါတယ်။

10

12.4K 8:00 PM


12

## ၄။ အမုန်းစကားအမျိုးအစား အရေအတွက်ပြပုံ




## ၅။ အမုန်းစကား ဦးတည်ပစ်မှတ် အရေအတွက်များအား ဖော်ညွှန်းပုံ






## ၆။ အမုန်းစကားရေးသားသူများ သုံးစွဲသည့် keywords များ




## ၇။ နိဂုံး

ဇူလိုင်လအတွင်းတွင် တော်လှန်ရေးတပ်ဖွဲ့ဝင်များသည် စိုးမိုးနယ်မြေများရရန် အားစိုက်ကြိုးပမ်းခဲ့ပြီး စစ်တပ်ကို အထိနာစေသည့် တိုက်ပွဲများကိုဖော်ဆောင်ခဲ့ကြသည်။ ထိုတိုက်ပွဲများအတွင်းတွင် MNDAA ဦးဆောင်သည့် လားရှိုးမြို့သိမ်းတိုက်ပွဲသည် စစ်တပ်သမိုင်းတွင် အဆိုးရွားဆုံး ဆုံးရှုံးမှုတခုဖြစ်ခဲ့သည်။ စစ်တပ်သည် စစ်ရှုံးမှုနှင့် ကြုံနေရချိန်တွင် စစ်ကောင်စီဝါဒဖြန့်သည့် ချန်နယ်များသည် MNDAA ကို ဦးတည်ပြီး တရုတ်လူမျိုးများကို အမုန်းစကားများဖြင့် ဝါဒဖြန့်မှုများကိုပြုလုပ်လာသည်။ တဖက်တွင်လည်း MNDAA အဖွဲ့သည် တရုတ်လူမျိုးများနှင့်ပတ်သက်ပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် ဝန်ထမ်းများအား ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ထုတ်ပြန်ချက်ကို ထုတ်ပြန်ခဲ့သည်။ ထို့ပြင် PDF များသည်လည်း MNDAA တို့၏ မြှောက်ပေးမှုကြောင့် ဗမာအချင်းချင်း ပြန်တိုက်ခိုက်နေသည်ဟု သွေးခွဲသည့် အရေးအသားများကို ပိုမိုရေးသားလာကြသည်။ စစ်

ကောင်စီ၏ ဝါဒဖြန့်ချီရေးသည် ဘာသာရေးကို အခြေခံကာ အစွဲပြုရေးသားမှုကို ယခင်လောက် အသုံးမပြုတော့ပင်မယ့် စစ်ရှုံးသည့် နယ်မြေများတွင် တော်လှန်ရေးတပ်ဖွဲ့များကို လူမျိုးရေး၊ စစ်ရေးအခြေအနေမှုတည်၍ အမုန်းစကားများဖြင့် ဦးတည်ရေးသားလာသည်ကို တွေ့ရှိရသည်။ အထူးသဖြင့် ရှမ်းပြည်နယ်မြောက်ပိုင်းတွင် လူမျိုးရေးကို အခြေခံသည့် အမုန်းစကား ဖြန့်ဝေမှုကို တွင်တွင်ကျယ်ကျယ် အသုံးပြုနေပါသည်။

## Background on the Burma Human Rights Network (BHRN)

Burma Human Rights Network (BHRN) is based in London, operates across Burma/Myanmar and works for human rights, minority rights and religious freedom in Burma. BHRN has played a crucial role in advocating for human rights and religious freedom with politicians and world leaders.

## Media Enquiries

Please contact:

Kyaw Win,
Executive Director
Burma Human Rights Network (BHRN)
E: kyawwin@bhrn.org.uk
T: +44(0) 740 345 2378

Wai Yan
Researcher
Burma Human Rights Network (BHRN)
E: wai.yan@bhrn.org.uk

**Learn More**

[Burma Human Rights Network] | [Phone] | [E-mail] | [Website]

Connect with us

Burma Human Rights Network (BHRN) | Walthamstow | London, E17 GB

Unsubscribe | Update Profile | Constant Contact Data Notice

Constant Contact
Try email marketing for free today!